# စစ်ကိုင်းတိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ

## (၂၀၁၇ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)

## ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

## (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် မိမိတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ ပြေးဆွဲရာတွင် စနစ်တကျ ဖြစ်စေရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးဥပဒေ**ဟု ခေါ် တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။

(င) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(စ) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လိုအပ်သောမြို့နယ်များတွင် ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှု ကော်မတီကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ကော်မတီက ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဇ) **ဝန်ထမ်း** ဆိုသည်မှာ ကော်မတီက ယင်း၏သက်တမ်းကာလအတွင်း ခန့်အပ်ထားသူကို ဆိုသည်။

(ဈ) **ရေယာဉ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုသော စက် တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ်တစ်မျိုးမျိုးပါဝင်သည်။

(ည) **ပုဂ္ဂလိကရေယာဉ်** ဆိုသည်မှာ နိုင်ငံတော်ပိုင်မဟုတ်သည့် ရေယာဉ် တစ်မျိုးမျိုးကို ဆိုသည်။

Myanmar Law Information System (MLIS)

(ဠ) **ရေယာဉ်လိုင်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရေကြောင်းတွင် ခရီးသည်နှင့်ကုန်စည်တစ်မျိုးမျိုးကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက် သော ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသည့်ရေယာဉ်လိုင်းကို ဆိုသည်။

(ဋ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရေကြောင်းတွင် ပြေးဆွဲ နေသော ရေယာဉ်၏ပိုင်ရှင်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ပိုင်ရှင်က လွှဲအပ်တာဝန်ပေးထား သော မန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် အဆိုပါရေယာဉ်ကို ငှားရမ်း၍ လုပ်ငန်းလုပ်ကိုင် နေသူတို့လည်း ပါဝင်သည်။

(ဌ) **ရေယာဉ်အုပ်** ဆိုသည်မှာ သက်ဆိုင်ရာရေယာဉ်တွင် ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူ၊ ရေယာဉ် အား မောင်းနှင်နေစဉ်အတွင်း အဓိကတာဝန်အရှိဆုံး သူကိုဆိုသည်။

(ဎ) **ခရီးစဉ်** ဆိုသည်မှာ ရေယာဉ်ထွက်ခွာမည့်နေရာမှ ရောက်ရှိလိုသည့် နေရာအကြား ခရီးလမ်း ကြောင်းတစ်လျှောက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ရပ်နားသည့် နေရာများလည်းပါဝင် သည်။

(ဏ) **ဝန်တင်မျဉ်း** ဆိုသည်မှာ ရေယာဉ်တွင်တင်ဆောင်သည့် ကုန်စည်များ၏ ဝန်အလေးချိန်အတွက် ဝန်တင်မျဉ်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနက သတ်မှတ်ပေး ထားသည့်စည်းမျဉ်းများအရ ရေယာဉ်၏ကိုယ်ထည်တွင် ရေးဆွဲမှတ်သားထားသည့် ဝန်တင်မျဉ်းအမှတ် အသားကို ဆိုသည်။

(တ) **ကုန်စည်** ဆိုရာတွင် ရေယာဉ်ဖြင့်သယ်ယူပို့ဆောင်သည့် ခရီးသည်မှ လွဲ၍ သက်ရှိသက်မဲ့ကုန် ပစ္စည်းအားလုံးပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခရီးသွားပြည်သူများ ဘေးကင်းစေရန်နှင့် ကုန်စည်များ လုံခြုံစိတ်ချစွာသယ်ယူ ပို့ဆောင်နိုင်စေ ရန်၊

(ခ) ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်စေရန်၊

(ဂ) ရေကြောင်းအန္တရာယ်ကင်းရှင်းစေရေး နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေး အသိ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊

## အခန်း (၃)
## တိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များစည်းကမ်း ထိန်းသိမ်းရေးနှင့်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီး ကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

Myanmar Law Information System (MLIS)

| | | |
|---|---|---|
| (က) | ဝန်ကြီး၊ လျှပ်စစ်၊ စက်မှု နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၃) ဦး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၅။ ကြီးကြပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့ကို တာဝန်ခံရမည်။

၆။ ကော်မတီသည် ကြီးကြပ်ရေးအဖွဲ့ကို တာဝန်ခံရမည်။

၇။ ကြီးကြပ်ရေးအဖွဲ့သည် ရေယာဉ်ပိုင်ရှင်များထံမှ ကော်မတီရုံးက ကောက်ခံမည့် ကြီးကြပ်မှုအတွက် ဝန်ဆောင်ခကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၈။ ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီရုံးစိုက်ရာ ဆိပ်ကမ်းများတွင် စစ်ဆေးခြင်းခံယူရမည့်ရေယာဉ် အမျိုးအစားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၉။ တိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးနှင့်ကြီးကြပ်ရေးအဖွဲ့သည် လိုအပ် သော မြို့နယ်များတွင် ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဦးစီးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (င) | သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ရွေးချယ်သော အရပ်ဘက်လူမှု အဖွဲ့အစည်းဝင်တစ်ဦး | အဖွဲ့ဝင် |
| (စ) | သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးကရွေးချယ်သောရေယာဉ်ပိုင်ရှင်သုံးဦး | အဖွဲ့ဝင် |
| (ဆ) | မန်နေဂျာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အတွင်းရေးမှူး |

၁၀။ ပုဒ်မ ၉ အရ ကော်မတီကိုဖွဲ့စည်းရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ မန်နေဂျာမရှိသော မြို့နယ်များတွင် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးကို အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

## အခန်း (၅)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် ရေယာဉ်အား ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ နှင့် ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) ရေယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ပြေးဆွဲမည့်ခရီးစဉ်အတွက် လိုအပ်ပါက ရေယာဉ်တိုးချဲ့ပြေးဆွဲစေရန် ရေယာဉ်အသင်းအား ညွှန်ကြားရမည်။

(ဃ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(င) ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့ကပေးအပ်သည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၆)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၂။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီရုံးဖွဲ့စည်းခြင်း နှင့် ကြီးကြပ်ခြင်း၊

(ခ) စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း၊

(ဂ) ရေယာဉ်ပိုင်ရှင် နှင့် ရေယာဉ်ဝန်ထမ်းတို့အကြား ဖြစ်ပွားသည့် ပြဿနာများကို ပေါင်းစပ်ညှိနှိုင်း ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဃ) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်ဝန်ထမ်းနှင့်ခရီးသည်တို့ အကြား ဖြစ်ပွားသည့် ပြဿနာများ ကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(င) ရေယာဉ်လိုင်းများနှင့်ရေယာဉ်အသင်းများ လိုက်နာရန်စည်းကမ်းများသတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) ရုံးဝန်ထမ်းများခန့်ထားခြင်း၊

(ဆ) မိမိဆိပ်ကမ်း သို့ ဆိုက်ရောက်၍ စစ်ဆေးခြင်းခံယူသော ရေယာဉ်များထံမှ ကြီးကြပ်မှုအတွက် ဝန် ဆောင်ခကို စစ်ဆေးရေးအဖွဲ့အား ကောက်ခံစေခြင်း၊

## အခန်း (၇)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၃။ ကော်မတီသည် ရေယာဉ်လိုင်းများ နှင့် ရေယာဉ်များကတည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြေးဆွဲခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဒုတိယရဲအုပ်ထက်အဆင့်မနိမ့်သော ရဲအရာရှိတစ်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ခေါင်းဆောင် |
| (ခ) | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင် ဦးစီးဌာနက တာဝန်ပေးအပ်သည့် ဝန်ထမ်းတစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန် ပေးအပ်သည့် ဝန်ထမ်းတစ်ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်မီးသတ်တပ်ဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ထမ်း တစ်ဦး | အဖွဲ့ဝင် |
| (င) | မြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန် ပေးအပ်သည့် ဝန်ထမ်းတစ်ဦး | အဖွဲ့ဝင် |
| (စ) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက တာဝန်ပေးအပ်သည့် ဝန်ထမ်းတစ်ဦး | အဖွဲ့ဝင် |
| (ဆ) | ရေယာဉ်ပိုင်ရှင်များက ရွေးချယ်ပေးသော ရေယာဉ်ပိုင်ရှင် သုံးဦး | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ် ပေးသော အရပ်ဘက်အဖွဲ့အစည်းမှကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |

## အခန်း (၈)

## စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၄။ စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) မိမိမြို့နယ်အတွင်းရှိ ဆိပ်ကမ်းများနှင့် ပြည်တွင်းရေကြောင်းတွင် သွားလာနေသောရေယာဉ်များ ရေကြောင်းသွားလာရေးဆိုင်ရာ ဥပဒေများနှင့်အညီ ပြေးဆွဲခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်အညီ ဝန်တင်မျဉ်းအမှတ်အသား ပြုလုပ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဂ) ခရီးသည်တင် ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ် အမျိုးအစားအလိုက် ခွင့်ပြုထားသောခရီးသည် ဦးရေထက်ကျော်လွန်၍သော်လည်းကောင်း၊ ဝန်တင်မျဉ်း အမှတ်အသားမြုပ်သည်အထိ သော်လည်း ကောင်း ခရီးသည် သို့မဟုတ် ကုန်စည် များကိုတင်ဆောင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) ခွင့်ပြုထားသည့်ခရီးသည်အရေအတွက်အတိုင်း အသက်ကယ်ပစ္စည်းများ စီမံထားရှိခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(င) ရေယာဉ်အမိုးပေါ်နှင့်ရေယာဉ်ဘေးတွင်ဖြစ်စေ၊ ရေယာဉ်ပေါ်ရှိ တားမြစ်ထားသောအခြားနေရာ များတွင်ဖြစ်စေ၊ ကုန်စည်နှင့်ခရီးသည်များတင်ဆောင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်တားဆီးရန်အလို့ငှာ ရေယာဉ်များမှရေနံ သို့မ ဟုတ် ရေနံရောထားသော ပစ္စည်းများ၊ ဓာတုပစ္စည်းများ အခိုးအငွေ့များနှင့် ညစ်ညမ်းစေသည့် ပစ္စည်း တစ်မျိုးမျိုးအား စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် မတော်တဆယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်းရှိ၊ မရှိ စစ် ဆေးခြင်း၊

(ဆ) ခရီးသည်တင်ရေယာဉ်ဖြစ်စေ၊ ကုန်တင်ရေယာဉ်ဖြစ်စေ၊ ရေကြောင်းခရီးသွားလာရန် ဘေးအန္တ ရယ်ဖြစ်စေမည့် အခြေအနေတွင်ရှိပါက ခရီးမထွက်ခွာစေရန် တားမြစ်ခြင်း၊

(ဇ) ရေယာဉ်များကို ကြီးကြပ်မှုအတွက် ဝန်ဆောင်ခ ကောက်ခံခြင်း၊

(ဈ) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ် သို့မဟုတ် ရေယာဉ်ဝန်ထမ်းသည် ရေကြောင်း သွားလာ ရေးဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခြင်း၊

## အခန်း (၉)

## ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်တို့၏ တာဝန်ဝတ္တရားများ

၁၅။ ဤဥပဒေအရ စစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည်-

(က) ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေများနှင့်အညီ ကော်မတီ၏စီမံခန့်ခွဲမှုကို လိုက်နာရ မည်။

(ခ) မိမိခရီးစဉ်တစ်လျှောက်ရှိ ဆိပ်ကမ်းများ၌ ဖွင့်လှစ်ထားသော ကော်မတီရုံးများတွင် ရေယာဉ်စစ် ဆေးခြင်းကို ခံယူရမည်။

(ဂ) မိမိခရီးစဉ်တစ်လျှောက်ရှိ စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကိုခံယူရမည်။

(ဃ) ကော်မတီက ဤဥပဒေအရ ကောက်ခံသော ကြီးကြပ်မှုအတွက် ဝန်ဆောင်ခကို ပေးဆောင်ရမည်။

(င) မိမိပိုင်ဆိုင်သည့် ရေယာဉ်ပျက်စီးမှုတွင်လည်းကောင်း၊ ရေယာဉ်ဝန်ထမ်းများနှင့်ခရီးသည်များ၏ အသက်အန္တရာယ်နှင့် ကိုယ်အင်္ဂါထိခိုက်ဆုံးရှုံးမှုများတွင်လည်းကောင်း၊ ရေယာဉ်ပေါ်ရှိ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများတွင်လည်းကောင်း

Myanmar Law Information System (MLIS)

တာဝန်ရှိပြီး ထိုသို့ ဖြစ်ပေါ်မှုမရှိစေရန် သက်ဆိုင်ရာဌာနများက ချမှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(စ) ဒေသတွင်းရေကြောင်း သို့မဟုတ် ရေပြင် နှင့် စပ်လျဉ်းသော သဘာဝဘေးအန္တရာယ် သို့မဟုတ် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သော ကယ်ဆယ်ထောက်ပံ့ရေးတာဝန်များကို မိမိပိုင်ရေယာဉ်ဖြင့် ထမ်းဆောင်ရမည်။

Myanmar Law Information System (MLIS)

## အခန်း (၁၀)
## ဘဏ္ဍာရေး

၁၆။ ကော်မတီသည်-

(က) မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်။

(ခ) ကြီးကြပ်မှုအတွက် ကောက်ခံရရှိသည့် ဝန်ဆောင်ခကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွင့်လှစ်သတ် မှတ်ပေးသော ဘဏ်ငွေစာရင်းသို့ ပေးသွင်းရမည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် သတ်မှတ်ချက်များနှင်အညီ ရန်ပုံငွေများကို သုံးစွဲခြင်းပြုရ မည်။

(ဃ) ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးသည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၁)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၇။ ကော်မတီသည်-

(က) လိုအပ်သောဝန်ထမ်းများကိုကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့်ခန့်ထားရမည်။

(ခ) ဝန်ထမ်းများ၏ တာဝန်အလိုက် လစာများကို ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ် မှတ်ရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၈။ ဤဥပဒေအရ စစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် မိမိခရီးစဉ်တစ်လျှောက်ရှိ ဆိပ်ကမ်းများ၌ ဖွင့်လှစ်ထားသောကော်မတီရုံးများတွင်ဖြစ်စေ၊ စစ်ဆေးရေး အဖွဲ့တွင်ဖြစ်စေ၊ စစ်ဆေးခြင်းခံယူရန်ပျက်ကွက်ပါက ထိုသူကို ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ တစ်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ ဤဥပဒေအရ စစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် ပုဒ်မ ၁၈ ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ လ ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၀။ ဤဥပဒေအရ စစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် ကြီးကြပ်မှုအတွက် ဝန်ဆောင်ခကို ပေးဆောင်ရန်ပျက်ကွက်ပါက ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ် သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ချမှတ်ရမည်။

၂၁။ စစ်ဆေးရေးအဖွဲ့ဝင်သည် ပုဒ်မ ၁၄ အရ စစ်ဆေးရာတွင် ရေယာဉ်သည် အန္တရာယ်ရှိပြီး ခရီးဆက် လက်ထွက်ခွာရန် မသင့်သည့် အခြေအနေတွင် အဆိုပါရေယာဉ်ကို ခရီးဆက်လက်ထွက်ခွာခွင့်ပြုလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်း ထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ခြောက်လ ထက်မပိုသည့် ထောင်ဒဏ် ဖြစ် စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ရေယာဉ်အုပ် သို့မဟုတ် ရေယာဉ်ပိုင်ရှင် သဘောမတူဘဲ ရေယာဉ်ပေါ်သို့တက်၍ ဈေး ရောင်းခြင်း သို့မဟုတ် ခရီးသည်ကြိုခြင်းပြုလျှင် ထိုသူကို ကျပ်တစ်သောင်းထက်မပိုသည့် ငွေဒဏ်ချ မှတ်ရမည်။

၂၃။ မည်သည့် ရေယာဉ်အုပ် သို့မဟုတ် ရေယာဉ်ပိုင်ရှင်မဆို ရေယာဉ်အန္တရာယ်ရှိသည့် အခြေအနေတွင် မိမိရေယာဉ်ပေါ်သို့ ဈေးသည်များ တက်ရောက် ရောင်းချခြင်းနှင့်ခရီးသည်ကြိုဆိုသူများ တက်ရောက် ခြင်းကို ခွင့်ပြုလျှင် ထိုသူကို ကျပ်ငါးသောင်းထက်မပိုသည့် ငွေဒဏ်ချမှတ်ရမည်။

## အခန်း (၁၃)

## အထွေထွေ

၂၄။ ပုဒ်မ ၁၈ နှင့် ၁၉ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၅။ စစ်ဆေးရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ ဆောင်ရွက်ရာတွင် ကုန်တင်ကုန်ချခြင်းကိုမလိုအပ်ဘဲ ဟန့် တားမှုနှင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အချိန်အတိုင်း ထွက်ခွာ ရမည့် ရေကြောင်းခရီးစဉ်ကို ကြန့်ကြာစေခြင်းများမဖြစ်စေရ။

၂၆။ စစ်ဆေးရေးအဖွဲ့ဝင်များသည် တာဝန်ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန် ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီနှင့်စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပုဂ္ဂိုလ်များအတွက် လစဉ်ချီးမြှင့်ငွေကို သတ်မှတ်ပေးရမည်။

၂၈။ ကြီးကြပ်ရေးအဖွဲ့သည် စစ်ဆေးရေးအဖွဲ့အား စစ်ဆေးသည့်နေ့အတွက် ပေးချေရမည့်ဝန်ဆောင်ခကို သတ်မှတ်ပေးရမည်။

၂၉။ ကော်မတီသည် မြို့နယ်များအလိုက် လိုအပ်ပါက စစ်ဆေးရေးအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၃၀။ မည်သူမျှ စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးကို ပုဒ်မ ၂၁ အရ တရားစွဲဆိုရာတွင်ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ တရားစွဲဆိုခြင်းမပြုရ။

၃၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက် စာတမ်း အထောက်အထားများဖြင့်

Myanmar Law Information System (MLIS)

တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲ သည့် အမိန့်ချမှတ်ရမည်။

၃၂။ ကြီးကြပ်ရေးအဖွဲ့ နှင့် ကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

၃၃။ ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း တို့ပြုနိုင်သည်။

၃၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအဖွဲ့နှင့်ကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ် နည်းများကို ထုတ်ပြန်နိုင်သည်။

၃၅။ ဤဥပဒေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေ (၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅) ကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာမြင့်နိုင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)